

# ဆယ့်နှစ်ကြိုးတပ်
# နှစ်ဆယ့်လေးသံစဉ်

ဝေ(စီးပွားရေးတက္ကသိုလ်)၊ မင်းဝေဟင်၊ စံပယ်ဖြူနု၊ မြသွေးနီ၊ သတိုး၊ သက်ဦးမောင်၊
မေရွှ၊ အိမ့်ချမ်းမြေ့၊ ဂျူလင်းညို၊ ရွှေအိမ်စည်မေ၊ နတ်ရဲ(ရူပဗေဒ)၊ ရည်ဝေ(လင်းရောင်ခြည်)

ရ သ ဝတ္ထု တို များ စု စည်း မှု

ဆရာရဲလျှမ်း အမှာ

## ဝတ္ထုတိုကဝေများ ရေးခဲ့တဲ့ ဝတ္ထုတိုများ

## (၁)

ဝတ္ထုတိုကို ကိုယ်တိုင်ရေးဖွဲ့သူ၊ ဝတ္ထုတိုဆိုတဲ့စကားပြေကို တပ်မက်သူတစ်ယောက်အဖြစ် ကျွန်တော် အမှာစာ ရေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ကြောင်း ဦးစွာ ပြောပါရစေ။

သည်စာအုပ်မှာ ပါဝင်တဲ့ ဝတ္ထုတိုတွေနဲ့ ပတ်သက်ပြီး မပြောမီမှာ ဝတ္ထုတိုအကြောင်း နည်းနည်း ပြောကြည့်ချင်တယ်။ ကမ္ဘာကျော် စာရေးဆရာကြီးတွေက

"ဝတ္ထုတိုဆိုတာ နေရာဒေသအမျိုးမျိုး၊ အဖြစ်အပျက် အမျိုးမျိုးအကြောင်း ပြောခြင်း"

"ဝတ္ထုတိုဆိုတာ နုနယ်သောအနုပညာ"

"ဖြစ်ရပ်တစ်ကွက်၊ အတွေးအမြင် တစ်ချက်လောက်ကို မြိုးမြိုးမြက်မြက် တင်ပြတာဟာ ဝတ္ထုတိုရဲ့ လက္ခဏာ"

"အတွေးအခေါ်၊ အဖြစ်အပျက်၊ အကြောင်းအရာတစ်ခုရဲ့ ကြီးကျယ်လေးနက်ခြင်းကို ဖော်ပြနိုင်မှ ဝတ္ထုခေါ်တယ်"

"ဝတ္ထုတိုမှာ ကိုယ်ကြိုက်သလို ဖွဲ့နွဲ့ဖို့ မလိုပါဘူး။ သူက ကိုယ်လိုချင်တဲ့ ပွိုင့်တစ်ခုရောက်အောင် တစ်ခါတည်း အပိုအလိုမရှိ ရေးသွားရတာ ပါ"

ဂတ္ထုတိုရေးခြင်းနှင့်ပတ်သက်၍ ယနေ့ထိ ပုံသေနည်းဟူ၍ မရှိ၊ နောင်လည်း ရှိလာလိမ့်မည်ဟု မထင်ပါ။ ရှေ့ကရေးသွားသော ဂတ္ထုတိုဆရာများ၏ လက်ရာများကိုဖတ်၍ ဆင်ခြင်နှလုံးသွင်းခြင်းဖြင့်သာ ဂတ္ထုတိုရေးနည်း အတတ်ပညာကို ရယူကြရပါသည်။

ဂတ္ထုတိုကို အဓိပ္ပါယ်ဖွင့်ဆိုတာတွေနဲ့ သည်နေ့ခေတ်ဂတ္ထုတွေကို ချိန်ထိုးကြည့်တော့ ကိုက်ညီနေတာကို တွေ့ရလိမ့်မယ်။ အခု ကျွန်တော် အမှာရေးခွင့်ရတဲ့ “ဆယ့်နှစ်ကြိုးတပ် နှစ်ဆယ့်လေးသံစဉ်” ဂတ္ထုတိုစာအုပ်လေးထဲက စာရေးသူ (၁၂) ဦးရဲ့ ဂတ္ထုလေးတွေကို စံထားအပ်တဲ့ ဂတ္ထုသီအိုရီတွေနဲ့ ယှဉ်တွဲခံစားကြည့်လိုက်ပါတယ်။

*

## (၂)

တိမ်ဖုံးသွားသော ငွေလမင်း (အိမ့်ချမ်းမြေ့)

Online Charting မှာ တွေ့ရတဲ့ ငွေလမင်းဆိုတဲ့ မိန်းကလေးအတွက် ဇော်ရှိန်းဆိုတဲ့ ဇာတ်ကောင်က အစစပံ့ပိုး၊ တကယ်တော့ ငွေလမင်းက စစ်မှန်သော အချစ်နှင့် ချစ်တာမဟုတ်ဘူး။ ချူစားရုံသက်သက်သာ။ ဇာတ်လမ်း အကြောင်းအရာက သည်လောက်ပါပဲ။ Online မှာ ဖြစ်နေတဲ့ သည်ကိစ္စတွေကို သတိပေးလိုက်တဲ့ ဂတ္ထုပါပဲ။ ခေတ်ပြိုင်အကြောင်းအရာ ဖြစ်ပေမယ့် ခေတ်ပြိုင်ခံစားမှုကိုတော့ ရောက်အောင် မသွားနိုင်သေး။ ဂတ္ထုရေးတတ်တဲ့ အိမ့်ချမ်းမြေ့ဆီက ရင်ထဲက လာတဲ့ ဂတ္ထုတိုလေးတွေ မျှော်လင့်ချင်ပါတယ်။

ချိုမြိန်သောသစ္စာ (မေရှူး)

သကြ်န်းနောက်ခံ ဂတ္ထုလေးပါ။ ကျွန်တော်တို့ငယ်စဉ်က

သွေးသောက်မဂ္ဂဇင်းမှာ ဖတ်ခဲ့ရတဲ့ အချစ်ဝတ္ထုလေးတွေကို ပြန်သတိရစေပါတယ်။ ဇာတ်လမ်းသက်သက်ဝတ္ထုမို့ ဖတ်တုန်းမှာ စွဲလန်းရတယ်။ ဇာတ်လမ်းသက်သက်ရေးတဲ့အခါ အတွေး၊ ဒဿနာတွေကို ရံပေးရတယ်။ ဒါမှ တင်ကျန်ရစ်တာ ဖြစ်တယ်။ မေဇူးလည်း ဝတ္ထုရေးကောင်းသူတစ်ယောက်ပါပဲ။

ချစ်ခြင်းအားဖြင့် နှောင်ဖွဲ့အပ်သော (မြသွေးနီ)

မဂ္ဂဇင်းစာမျက်နှာများမှာ ခပ်စိပ်စိပ်တွေ့နေရတဲ့ ဝတ္ထုတိုရေးဖွဲ့ဖန်တီးမှု (Creative power) ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းနေပြီမို့ အချစ်ဝတ္ထုလေးတစ်ပုဒ်ကို လှလှပပ ယက်ဖောက်သွားတဲ့ ဝတ္ထုပါ။ ဝတ္ထုတိုဆိုတာ နုနယ်သော အနုပညာဆိုတဲ့ စံနဲ့ကိုက်ညီတဲ့ဝတ္ထုလို့ ခံစားမိတယ်။

မျဉ်းဖြောင့်တစ်ကြောင်းရဲ့ သီအိုရီ (ဏီလင်းညို)

“ညီထွေး” လေးရဲ့ ရုပ်ပုံလွှာကို ထင်ဟပ်အောင် ရေးဖွဲ့သွားတဲ့ဝတ္ထုပါ။ ဇာတ်နာအောင် ဆင်ထားတဲ့အကွက်တွေကို ဖယ်ပြီး စိတ်ခံစားမှု ဦးစားပေးရေးဖွဲ့ရင် ပိုကောင်းမယ်လို့ ထင်မိပါတယ်။ “အတွေးအခေါ် အဖြစ်အပျက်၊ အကြောင်းအရာ တစ်ခုရဲ့ လေးနက်ခြင်း” ဆိုတာကို သတိရစေချင်တယ်။

လေအလွင့်ပျောက်ကွယ်သူ (စံပယ်ဖြူနု)

အဆောင်သူတစ်ယောက်ရဲ့ မပြည့်စုံတဲ့ဘဝအပေါ် မြေနိမ့်ရာလှံစိုက်တဲ့အကြောင်း ရေးဖွဲ့ထားပါတယ်။ ရိုးစင်းတဲ့ အကြောင်းအရာ ဖြစ်ပေမယ့် စာရေးသူရဲ့ စာနာစိတ်၊ စေတနာနဲ့ မေတ္တာတရား ပြည့်လျှံနေတာကို

တွေ့လိုက်ရပါတယ်။

အဈွှတ္တာသံစဉ် (ရွှေအိမ်စည်မေ)

မြို့ပြနေလူငယ်တွေရဲ့ အလုပ်တစ်ခုရဖို့ ရုန်းကန်ရတာ တွေကို ဘဂအမောတွေနဲ့ ရေးသွားတဲ့ ဝတ္ထုလေး ဖြစ်ပါတယ်။ အားငယ်အငုံ့စိတ်ရှိတဲ့ မိန်းမငယ်တစ်ယောက်ရဲ့ ခံစားမှုကို ခြယ်မှုန်းသွားနိုင်တဲ့အပြင် အတွေးဒဿနကိုပါ လိုအပ်သလို ထည့်သွင်းတာမို့ "အတွေးအခေါ်၊ အဖြစ်အပျက် အကြောင်းအရာတစ်ခုရဲ့ လေးနက်ခြင်း" နဲ့ ကိုက်ညီတာ တွေ့ရပါတယ်။

မျက်ရည်ဝယ် ရောင်း (သတိုး)

မပြည့်မစုံ ရုန်းကန်နေရတဲ့ ချစ်သူနှစ်ဦး (မင်းညို၊ ချိုရီ) တို့ရဲ့ ဇာတ်ကောင်စရိုက်တွေကို တွေ့မြင်ရတဲ့အပြင် ဘဂအမြင်တွေပါ ရောယှက်ထားတဲ့အတွက် ဝတ္ထုကောင်းလေးတစ်ပုဒ်ပါပဲ။

မှောင်ခိုမျက်ရည် (သက်ဦးမောင်)

သည်လိုဝတ္ထုမျိုးကလည်း သက်ဦးမောင်မို့ ရေးတတ်တာပဲ ဖြစ်မယ်။ "နေရာဒေသ အမျိုးမျိုး၊ အဖြစ်အပျက် အမျိုးမျိုးအကြောင်း ပြောခြင်း" ကို သက်ဦးမောင် ပိုင်နိုင်ပြီး ဖြစ်ပါတယ်။

မြင့်မိုရ်လည်ပြန် (ဝေ-စီးပွားရေးတက္ကသိုလ်)

ဝတ္ထုခေါင်းစဉ်ပေးတာ သိပ်လှပါတယ်။ အမေနဲ့ သမီးတို့ရဲ့ ချစ်ခြင်း၊ နားလည်ခြင်းတို့ကို လှလှပပ ဖွဲ့ဆိုတဲ့ ဝတ္ထုပါ။ "သမီးတွေဟာ အမေတွေရဲ့ အသည်းနှလုံးပဲ သမီး၊ အသည်းနှလုံးရဲ့ တောင်းဆိုချက်ကို ဘယ်သူမှ မငြင်းဆန်နိုင်ဘူးလေ" ဆိုတဲ့ စကားပြောတွေက ဝတ္ထုကို အရောင်လက်သွားစေတယ်။

စိတ် (ရီဝေ - လင်းရောင်ခြည်)

ဝတ္ထုခေါင်းစဉ်ရိုးပေမယ့် လူ့သဘောကို ရေးဖွဲ့ထားတဲ့ ဝတ္ထုလေးမို့ စိတ်ဝင်စားစရာ ဖြစ်ပါတယ်။ ပုထုဇဉ်တို့ရဲ့ ကျရှုံးချိန်မှာ စိတ်တွေကလည်း ယိမ်းယိုင်တတ်တာကို ပုံဖော်နိုင်တဲ့ ဝတ္ထုလေးပါပဲ။

နှုတ်ဆက်ကျန်ရစ် လူကျောက်ဆစ်တွေ (မင်းဝေဟင်)

မိဘမေတ္တာ ငတ်မွတ်နေတဲ့ သမီးငယ်လေး၊ သားသမီးမေတ္တာ ပျောက်ဆုံးနေတဲ့ မိခင်ကြီး၊ ငွေရှိရုံဖြင့် အရာရာ ပြီးမြောက်သည်ဟု ထင်နေကြသူများ ခံစားမှုအားကောင်းသော ဝတ္ထုပဲ ဖြစ်ပါတယ်။

ကြေကွဲရနံ့သင်းတဲ့ ရွှေအိုရောင် မှတ်တမ်းတစ်စောင် (နတ်ရဲ - ရူပဗေဒ) ဝတ္ထုခေါင်းစဉ် အဲသလောက် ရှည်လျားအောင် ပေးတာကိုက နတ်ရဲစတိုင်လား မသိ။ ဝတ္ထုလေးကို ခေတ်ပြိုင်သရုပ်ဖော်လို့ ပြောချင်တယ်။ "အကောင်အို" ကြီးတွေရဲ့ စရိုက် ပေါ်လွင်အောင် ရေးဖွဲ့နိုင်တယ်။ Twist လေးနဲ့ ဝတ္ထုသိမ်းလိုက်တာကို သည်ထက်စိတ်ဝင်စားအောင် ရေးရင် ပိုကောင်းသွားမှာလို့ ထင်မိတယ်။

*

(၃)

ဆရာ၊ ဆရာမများ (၁၂) ယောက်လုံးကို သတိထားမိတာကတော့ ဝတ္ထုရေးကောင်းကြတာပဲ ဖြစ်တယ်။ Creative power ကောင်းသူတွေချည့်ပါပဲ။ မြင်တတ်၊ တွေးတတ် ရေးတတ်ကြသူတွေပါပဲ။

သည်နေ့မဂ္ဂဇင်း စာမျက်နှာတွေမှာ စဉ်ဆက်မပြတ် မြင်တွေ့နေရပြီး စာပေဆုတွေပါ ရထားကြသူတွေ ဖြစ်လာတော့ အမှာစာရေးသူ ကျွန်တော်မှာ မဝံ့မရဲတောင် ဖြစ်ရပါတယ်။

ဘာပဲဖြစ်ဖြစ် ဆရာ၊ ဆရာမတွေရဲ့ ဝတ္ထုကောင်းလေးတွေကို ဦးဦးဖျားဖျား ခံစားခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဆယ့်နှစ်ကြိုးတပ် ဝတ္ထုကဝေတွေ ရေးတာဆိုတော့ ဝတ္ထုတွေက အားလုံးကောင်းပြီးသားပါ။ တကယ်တမ်းတော့ ကျွန်တော့်အမှာစာက အပိုဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်။

**လေးစားချစ်ခင်စွာဖြင့်**

**ရဲသျှမ်း**

**(၂-၄-၂၀၁၄)**

*

မြဲခုန်တတ်တဲ့သူက နောက်မခုန်
တော့ပါဘူးလို့ ဘယ်လောက်ပဲ
ကတိတွေပေးပေး တစ်ချိန်ချိန်
တော့ ခြေသလုံးလုံနဲ့ တစ်မိုးလှည်
ပြီး ခုကျွပေးဦးမှာပဲလို့ သေချာနေ
လို့ကို လုံးဝစိတ်မလည်တော့ဘူး။
ဘယ်ယောက်ျားမှ မယုံတော့တဲ့
အထဲမှာသင်းက ရှေ့ဆုံးကလေ။



ဝေ(စီးပွားရေးတက္ကသိုလ်)

**မြင့်မိုရ်လည်ပြန်**

# မြင့်မိုရ်လည်ပြန်

ဧောချွေးပြန်နေတဲ့ သမီးရဲ့မျက်နှာဟာ ဒေါ်ခင်နှင်းအတွက်တော့ သမုဒ္ဒရာ ခန်းခြောက်သလိုပါ။ တောင်တွေပြိုကျလာတယ်။ မိုးကောင်းကင်ကြီး နိမ့်ဆင်းလာတယ်။ တော်လည်သံတွေ ပဲ့တင်ညံ့နေတယ်။ အလင်းရောင်လည်း ကွယ်ပျောက်ကုန်တယ်။ ကမ္ဘာပျက်တယ်ဆိုတာ အဲဒါလား။ ဒေါ်ခင်နှင်းအတွက် သမီးက ကမ္ဘာပဲလေ။

နှလုံးသားထဲက စူးနစ်တဲ့ နာကျင်မှုဟာလည်း လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကလိုပဲ တဆစ်ဆစ် ကိုက်ခဲလာပြန်တယ်။ ဒါဟာ ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေရတာ များလားလို့ သတိဝင်လာချိန်မှာ ဂမ်းနည်းတုန်လှုပ်မှုက အရှိန်အဟုန်နဲ့ တစ်ကိုယ်လုံးကို ဝါးမျိုနေပြီ။

“ဝဋ်လည်လိမ့်မယ်” လို့ နာနာကြည်းကြည်း နက်နက်ရှိုင်းရှိုင်း ဆန္ဒလှိုင်းတိုက်ခဲ့မိတာ သူမကိုယ်တိုင်ပါ။ ဒါပေမယ့် အဲဒီ ဝဋ်ကြွေးမှာ သမီးလေး ပါဝင်ပေးဆပ်ရမယ့် အဖြစ်ကိုတော့ မထင်ခဲ့မိဘူး။

သံသရာရေစက်ဟာ ဘဝဘဝ အဆက်ဆက်မှာ နွယ်ယှက်နေတာများ သိပ်ကြောက်စရာ ကောင်းပါလား။

*

“ရှင် ဝဋ်လည်လိမ့်မယ် ကိုသက်အောင်၊ ကျွန်မဘဝကို ဖျက်ခဲ့တာ၊ ကျွန်မအမေကို သတ်ခဲ့တာ၊ တစ်နေ့တော့ ရှင် ပြန်ပေးဆပ်ရလိမ့်မယ်”

အဲဒီ တုန်းက နာနာကြည်းကြည်း သည်းသည်းထန်ထန် ကျိမ်စာတိုက်သလိုကို ပြောခဲ့မိတာ။

မနာကြည်းလည်း ခံနိုင်ရိုးလား။ မအေတစ်ယောက်လုံးက အသက်ပေးသွားရပြီလေ။

အမေဟာ လောကဓံအဆိုးအကောင်း မှန်သမျှကို သူကိုယ်တိုင် ခါးစည်းခံနိုင်ရင် ခံနိုင်လိမ့်မယ်။ သမီးအပေါ်မှာ ကျရောက်လာတဲ့ ကြမ္မာဆိုးကို မဖယ်ရှား။ မကာကွယ်နိုင်တဲ့ နှလုံးကြေကွဲမှုကိုတော့ ခံနိုင်ရည် မရှိခဲ့ရှာဘူး။

အမေ တားဆီးဖြတ်တောက်ခဲ့တဲ့ ချစ်သူ၊ အမေကိုယ်တိုင် ရွေးချယ်ပေးခဲ့တဲ့ အိမ်ထောင်ဖက်၊ ဖတဆိုးသမီးလေးမို့ တစ်ဘဝစာလုံး သူ့ခြေသူ့လက် ဖန်တီးပေးချင်ခဲ့တဲ့ အမေ့စေတနာ၊ မုဆိုးမကြီးရဲ့ အစွမ်းကုန် စွင့်ကားပေးထားတဲ့ ရင်ငွေ့ကို ရုန်းမထွက်ချင်။ မငြင်းပယ်ရက်ခဲ့တဲ့ ခင်နှင်းရဲ့ ကျေးဇူးသိတတ်မှု...

ဒါတွေကို ကိုသက်အောင်က ကောင်းကောင်းအခွင့်အရေးယူပြီး ခင်နှင်းရဲ့ နှလုံးသားထဲကို ဆူးတစ်ချောင်း ထိုးစိုက်ခဲ့တယ်။ အဲဒီ ဆူးကလည်း အမေအလဲထပ်သွားတဲ့ အသက်တစ်ချောင်းကြောင့် ပိုပြီး နစ်ဝင်နက်ရှိုင်းသွားရတယ်။ ပြန်ဆွဲနုတ်စရာ အနှောင့်မှာ အစမကျန်တော့ဘူး။ ထဲထဲဝင်ဝင် နစ်ဆင်းသွားပြီ။

“ကိုယ်ယောကျ်ားပါ ခင်နှင်း။ ကိုယ့်တာဝန်ကို ကိုယ်ယူရဲရမယ် မဟုတ်လား”

ယောကျ်ားတစ်ယောက်ဟာ တာဝန်ယူရဲရုံနဲ့ ယောကျ်ားကောင်း ပီသမယ်လို့ ထင်ထားတဲ့ ခပ်ညံ့ညံ့ ယောကျ်ားတစ်ယောက်အတွက် ခင်နှင်းမှာ ပြောစရာစကား ရှိမနေခဲ့ပါဘူး။ အမေကတော့ ဒီဆူးဟာ သူပျိုးမိတဲ့အပင်က ထွက်လာတာဆိုတော့...

“သားရယ်... ဘဝမှာ မှားမိတာဟာ အပြစ်မဟုတ်ပါဘူး။ အမှားကို မပြင်နိုင်တာသာ သိမ်ဖျင်းတဲ့ အကျင့်ပါ”

“အမေက ကျွန်တော့်ကို ဘာလုပ်စေချင်လို့လဲ။ အမေ့သမီးအတွက် အမှားပြင်ဆင်ချက်က တစ်ဖက်သားအတွက် အမှားပေါ်အမှားဆင့်မယ့် ကိစ္စဆိုတာ

အမေသိသားနဲ့...”

တိုးချင်တဲ့ဆင်ဟာ မကန်းလည်း မျက်စိစုံမှိတ်ပြီး တိုးသွားတာပဲ။ ဒါမှလည်း လမ်းပေါက်မှာကိုး။

ခင်နှင်းယောက်ျားကလည်း မှားချင်လို့ကို မှားခဲ့တဲ့ အမှားတစ်ခုမို့ ဆက်မှားဖို့ကို ဝန်မလေးခဲ့ပါဘူး။

ဒီနေရာမှာ ခင်နှင်းက သိပ်ပြတ်သားခဲ့တယ်။ မိန်းမပီပီလည်း ရန်မတွေ့ခဲ့ဘူး။ အားနွဲ့သူဆိုပြီး ငိုလည်း မပြခဲ့ဘူး။ အပေါစားဆန်ဆန် ရွဲ့စောင်းပြီးလည်း မတုံ့ပြန်ခဲ့ဘူး။ အပိုစကားတစ်ခွန်းမှ မပြောဘဲ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပြီး ပိုင်ဆိုင်မှုကို တစ်ဝက်တိတိ ခွဲပေးလိုက်တယ်။ သမီးလေးအတွက် ပိုယူဖို့ လောကွတ်လုပ်နေတာကို အရေးလုပ်ပြီး ခွန်းတုံ့ပြန်မနေတော့ဘူး။

ဟုတ်တယ်လေ။ သမီးကို ထည့်စဉ်းစားတတ်တဲ့ ဖအေဆို ဒီလိုလုပ်ရပ်တွေ လုပ်စရာကို အကြောင်းမရှိဘူး မဟုတ်လား။

သမီးအတွက်ပဲ စဉ်းစားတဲ့ ခင်နှင်းကတော့ ကူညီချင်သလိုလို၊ ဖေးမချင်သလိုလိုနဲ့ ဖျားခင်းဖို့ ရောက်လာတဲ့ ချစ်သူဟောင်းအပါအဝင် ပုရိသအားလုံးကို အရွယ်ရှိသေးပေမယ့် လမ်းကြောင်းပေါ်က အကုန်ဖယ်ပစ်ခဲ့တယ်။

တစ်ခါအညာမိရင် ညာတဲ့သူအပြစ်၊ နှစ်ခါ အညာထိရင် အညာခံရတဲ့သူ အပြစ်တဲ့။ အဓိကကတော့ သမီးလေးကို ဘယ်ပထွေးနဲ့မှ အတူမထားနိုင်တာပါပဲ။ ဒေါ်ခင်နှင်း ဘယ်ယောက်ျားကိုမှ မယုံတော့ဘူး။

ဒီလိုဆိုတော့ အရင်ယောက်ျားကိုပဲ မျှော်နေတယ် မထင်လိုက်နဲ့။ ငွေမက်တဲ့ အမိုက်မနဲ့ သဒ္ဒါလွန်တဲ့ တဏှာကျွန်ကြီးလည်း ဘယ်လောက်ခံမှာမို့လဲ။ အချိန်တန်တော့ လမ်းခွဲကြပြီး ခင်နှင်းကို ဒူးထောက်တောင်းပန်လည်း ခင်နှင်းကတော့ ပြတ်ပြတ်ပဲ။

ခံ့ခုန်တတ်တဲ့သူက နောက်မခုန်တော့ပါဘူးလို့ ဘယ်လောက်ပဲ ကတိတွေပေးပေး တစ်ချိန်ချိန်တော့ ခြေသံလုံလုံနဲ့ တစ်မျိုးလှည့်ပြီး ဒုက္ခပေးဦးမှာပဲလို့ သေချာနေလို့ကို လုံးဝ စိတ်မလည်တော့ဘူး။ ဘယ်ယောက်ျားမှ မယုံတော့တဲ့အထဲမှာ သင်းက ရှေ့ဆုံးကလေ။

*

ဒေါ်ခင်နှင်း မယုံတဲ့ ယောက်ျားတွေထဲမှာ သမက်စည်သူမောင်ကလည်း ရှေ့တန်းကနေ ပါတာပဲ။

ဘဝနဲ့ ရင်းပြီးရထားတဲ့ အသိဆိုပေမယ့် ဒေါ်ခင်နှင်းက ဥပါဒါန်တော့ အလွန်အကျွံ မစွဲပါဘူး။ သမီးကိုလည်း ကျားဆိုရင် ပါးကွက်ကျားတောင် မကွက်နဲ့လို့ ကုန်းမသွင်းပါဘူး။ ဒါပေမယ့် “ အမေ့ကို နမူနာကြည့်ပါ သမီးရယ်၊ ယောက်ျားတွေ ပါးစပ်ကထွက်သမျှ အညာစကားတွေကို ချင့်ယုံပါ။ အလွယ်တကူ ပုချစ်မပစ်နဲ့...” လို့တော့ မှာရတယ်။

ဘာပဲဖြစ်ဖြစ် သမီးကခေါ်ပြီး အိမ်ပေါ်တက်လာတော့လည်း သမက်ပေါ့။ မိဘက အတင်းပေးစားထားတာ မဟုတ်ဘဲ သူတို့ချင်း ချစ်ကြတာမို့ သစ္စာ၊ မေတ္တာကတော့ တစ်ယောက်ကိုတစ်ယောက် ချည်နှောင်ပြီးသား ဖြစ်မပေါ့။

ဒါပေမယ့် ယောက်ျားလေးဖြစ်ပြီး ဒီလောက်ချောနေတာတော့ သဘောမကျလှဘူး။ ဒါတောင် ဒေါ်ခင်နှင်းသမီးကလည်း ခေသူမဟုတ်ဘူးနော်။ တက္ကသိုလ်ရောက်တော့ သူ့မေဂျာမှာ ကွင်းဆိုလား။ အလှဘုရင်မတဲ့။ သမက်လောင်းကလည်း ကင်းတဲ့။ အဲဒီ လိုကျောင်းမှာ ဖူးစာဆုံတဲ့ ကွင်းနဲ့ကင်း။ လိုက်ဖက်ညီတယ် ဆိုပေမယ့် ကောင်လေးက သမီးထက်တောင် နုဖတ်စိုပြည်ပြီး မိန်းမချောချောနေသေး။

ငြင်းစရာပြစ်ချက် ကြီးကြီးမားမား မရှိတော့လည်း မိဘဝတ္တရား ရှိတဲ့အတိုင်း ပေးစားရတော့တာပေါ့။ တော်သေးတာက ကောင်လေးဘက်က

မောင်နှမများတာမို့ မိန်းကလေးဘက်ကို ရှောရှောရှူရှူ ထည့်လိုက်တာပဲ။

ဒီလိုနဲ့ ယောက္ခမအိမ်တက် သမက်မျက်နှာငယ် ဆိုတဲ့ အဖြစ်မျိုး မဟုတ်ပေမယ့် ဒေါ်ခင်နှင်းမှာ ယောက်ျားတွေကို မယုံတဲ့ ဓာတ်ခံက ရှိလေတော့ ခပ်တည်တည် ခပ်တင်းတင်းနဲ့ မျက်မှန်စိမ်းတော့ တပ်ထားမိသလို ဖြစ်နေတာပေ့ါ။

ယောက်ျားကတော့ မိန်းမချော မှုန်နေအောင် ဘယ်လောက်ချောချော ယောက်ျားဗီဇကတော့ ပြတာပါပဲ။ ဘီယာလေး၊ ဝီစကီကလေး နည်းနည်းတော့ ကြိုက်ချင်ပုံရတယ်။ တစ်ခါတလေ အပေါင်းအသင်းနဲ့ ကြုံလို့ဆိုပြီး သောက်လာရင် သမီးနဲ့ တကျိတ်ကျိတ် စကားများသံ ကြားရတယ်။ ဒေါ်ခင်နှင်းကတော့ မသိချင်ယောင် ဆောင်ပေးနေတာပေ့ါ။ သူတို့ လင်မယားကိစ္စ၊ ကိုယ်က ကြားမဝင်ချင်ပါဘူး။

နောက်ပြီး ယောက်ျားလေးပဲ။ တစ်ခါတလေ စည်းနဲ့ကမ်းနဲ့ ဆိုရင် ခွင့်လွှတ်ရမှာပေ့ါလို့ နှစ်ဖက်မျှ တွေးကြည့်တယ်။ အကြိမ်စိပ်လာတာမျိုး၊ စွဲလမ်းစိတ်ဖြစ်လာတာမျိုး ဆိုရင်တော့လည်း တစ်မျိုးပေ့ါ။ ဒါပေမယ့် ဒေါ်ခင်နှင်းသမီးက မရဘူး။

“ကို လုံးဝမသောက်နဲ့။ ဘုရားမကြိုက်တဲ့အလုပ် သင်းလည်း မကြိုက်ဘူး” တဲ့။

ခမျာကလည်း ဒီလိုတော့ မိန်းမစကား နားထောင်သား။ နောက်ထပ် သောက်လာသံကို သိုးသိုးသဲ့သဲ့ မကြားရတော့ဘူး။

သမီးက သူ့ယောက်ျားကိုတော့ တကယ်ပိုင်တဲ့ မိန်းမ။ ဒေါ်ခင်နှင်းလည်း သမက်ကို အံ့သြရတယ်။ ဘာကိစ္စဖြစ်ဖြစ် “သင်းမကြိုက်ဘူးကို” လို့များ သမီးက ဆိုလိုက်ရင် ဟိုကလည်း “စိတ်ချ၊ ကို မလုပ်တော့ဘူး” ဆိုပြီး နှစ်ခါပြန်မငြင်းခုံဘူး။ အေးချမ်းတယ်ပဲ ပြောရမလား။ မိန်းမကို ချစ်လွန်းတယ်ပဲ ဆိုရမလား။ မယားကြောက်လို့ပဲ နှိမ့်ချရမလား။

တစ်ခါတရံ ကွမ်းမစား၊ အရက်မသောက်၊ စီးကရက်မဖွာ၊ လက်ဖက်ရည်ဆိုင် မထိုင်တဲ့ ယောကျ်ားကို မိတ်ဆွေတွေနဲ့ ခြင်းသွားခတ်တာမျိုးလေးတောင် သမီးက မကြိုက်ချင်တာမျိုး၊ ပြစ်တင်ပြောဆိုတာမျိုး လုပ်နေရင် ဒေါ်ခင်နှင်းမှာ သမီးကို ကျိတ်ဆူရတယ်။

"ဟဲ့ ဒီလောက် နင့်အလိုလိုက်ပြီး အကြိုက်နေထိုင်တဲ့ ယောကျ်ားကို အပြစ်မရှိ အပြစ်ရှာပြီး ပြောဆိုမနေနဲ့။ သဘောကောင်းတဲ့ ယောကျ်ားတွေ ပေါက်ကွဲရင် မလွယ်ဘူးနော်"

ဒီလိုပြောလို့ သမက်နဲ့ ယောက္ခမ တန္ဒေးတထွေး ချစ်ခင်ကြင်နာကြတယ်တော့လည်း မဟုတ်ပါဘူး။ ဒေါ်ခင်နှင်းက ယောကျ်ားဆိုရင် မယုံတတ်တော့ မျက်နှာသာမပေးဘူး။ ခပ်မှန်မှန်ပဲ။

နောက်ကွယ်မှာသာ သမီးကို ကျိတ်ပြောရတာ ။ သမီးက သူ့အကြိုက် သူ့သဘော အကုန်လိုက်လျောတဲ့ ယောကျ်ားဆိုတော့ တဖြည်းဖြည်းနဲ့ ပိုင်ရင်းပိုက်ရင်း အနိုင်ကျင့်သလိုတောင် ဖြစ်လာတာလေ။ ဟိုလိုမနေနဲ့၊ ဒီလိုမနေနဲ့ ပညတ်ချက် အပါးတစ်ရာမက ဖြစ်လာတော့ တစ်ဖက်သားက ကြာရှည်ခံနိုင်ပ့ါမလားပေ့ါ။ ဒေါ်ခင်နှင်းမှာ ကိုယ့်သမီးကိုယ်လက်ကုတ်ပြီး တားရတယ်။

အဲလောက် အမေက လက်ကုတ်နေတဲ့ကြားထဲ ကမ္ဘာ့ဖလားပွဲချိန်လည်း ရောက်ရော သူ့ယောကျ်ားကို ဘောလုံးပွဲတွေ ညည အိပ်ရေးပျက်ခံပြီး ကြည့်လို့တဲ့။ သမီးက ပူညံပူညံ လုပ်ပြန်ရော။ အရင်ကလည်း ဘောလုံးပွဲ လောင်းလို့ဆိုပြီး...

"ယောကျ်ားတစ်ရာမှာ ကိုးဆယ်ဘောလုံးလောင်းရင် မလောင်းတဲ့ ဆယ်ယောက်ထဲမှာ သင်းယောကျ်ား ပါရမယ်။ သင်း လောင်းကစားလုပ်တဲ့သူတွေကို အထင်သေးတယ် ကို၊ သင်းလည်း နှစ်လုံးမထိုးဘူး။ ကိုလည်း ဘောလုံးမလောင်းပါနဲ့" လို့ တားတာကို ဟိုက ခေါင်းညိတ်ထားရှာတာ။

ဝါသနာပါရာ ဘောလုံးလေးတော့ ကြည့်ပေ့စေပေ့ါ။ တခြားယောကျ်ားသာဆို လောင်းမထားရင် ဘောပွဲက အသက်မဝင်ဘူးဆိုပြီး နည်းနည်းပဲဖြစ်ဖြစ် စတိလုပ်ချင်ကြတာ။ ဒီခေါင်းညိတ်ရုပ်ကတော့ ခေါင်းပုတ်စရာတောင် မလိုဘူး။ လည်ပင်းမှာ စပရင်တတ်ထားတဲ့ အရုပ်လိုလေ။ လေတိုက်ရင်တောင် ညိတ်ချင်နေတာလေ။

ခုတစ်ခါ အိပ်ရေးပျက်တယ်။ အလုပ်ထိခိုက်တယ်နဲ့ ညနက်ဘောပွဲတွေ မကြည့်ဖို့ ပြဿနာရှာတော့လည်း ဆယ့်နှစ်နာရီကျော်ရင် ဘောလုံးက ဂိုးပေါက်ဂနား ပဲနေပါစေ။ တီဗီကို ဖတ်ခနဲ ပိတ်ပြီး အိပ်ရာထဲကို ဝင်သတဲ့။ မီးသေတာ၊ မီးသေတာ။

"ယောကျ်ားတွေက အဲလိုဖိထားမှ တော်ရုံကျတာ" လို့ သမီးက မအေကို ကြွားပြီး အောင်ပွဲခံနေသေးတယ်လေ။

"ဟဲ့ အဲ့လိုမပြောရဘူး မိသင်းထုံ။ ဘယ်သူမဆို ဖိလွန်းရင် ပိုကြွတတ်တယ်။ ကိုယ်ပိုင် အခွင့်အရေးဆိုတာ လူတိုင်းမှာ ရှိတယ်တဲ့။ သူများအခွင့်အရေးကို ပိတ်ပင်လွန်းတဲ့သူဟာ ကိုယ့်အခွင့်အရေးတွေ ဖျက်ဆီးပစ်တာနဲ့ အတူတူပဲ..."

"အဲဒါတွေကြောင့်... အမေ..."

သမီးက ဒေါ်ခင်နှင်းကို အဲဒါကြောင့် ကျန်ရစ်ခဲ့တာလို့ ပြောချင်ပုံ ရတယ်။ ဒါပေမယ့် ပြောမထွက်ရှာပါဘူး။

သမီးက သိပ်စိတ်ထန်တယ်။ သူ့အဖေနဲ့ လမ်းခွဲတုန်းကလည်း ဒေါ်ခင်နှင်းက အဖေ့ဆီ မသွားနဲ့လို့ မတားရဘူး။ သူကကို စိတ်နာပြီး မသွားတာ။ ပြတ်တာ။ ဖအေက နောက်အိမ်ထောင်နဲ့ ကွဲပြီး နောင်တရပါပြီလို့ တောင်းပန်ဆက်သွယ်တော့လည်း ခင်နှင်းက တင်းတာထက်တောင် သမီးက ပိုနေသေးတယ်။ ခင်နှင်းက ပြန်မပေါင်းနိုင်ပေမယ့် သမီးကိုတော့ ဖအေအပေါ်

မစိမ်းကားစေချင်ပါဘူး။

သူ့အဖေလည်း နောက်အိမ်ထောင်နဲ့ ကလေးမရတော့ ဒီသမီးကို အသဲအမဲ ပြန်ခေါ်ချင်တာလေ။ သမီးက အဖေကို စိတ်နာသလို ခပ်စိမ်းစိမ်း လုပ်လေ။ ဖအေကလည်း သမီးအပေါ် အကြွေးတင်နေသူမို့ နှလုံးမသာယာလေ။

ခုချိန်ထိ ဒေါ်ခင်နှင်းက လှည့်မကြည့်ပေမယ့် နောက်မိန်းမလည်း မယူတော့ဘူး။ သူ့ပစ္စည်းတွေချိုင်ပြီး လင်ငယ်နောက်လိုက်သွားတဲ့ မိန်းမရှင်ကြောင် နောင်ကြဉ်သွားတာလည်း ဖြစ်မှာပေ့ါ။ ခုတော့ သူရှာသမျှ ဖွေသမျှ မြေးမလေးအတွက်ဆိုပြီး သမီးနဲ့ မြေးအတွက်ပဲ အသက်ရှင်နေရသယောင်ယောင် လေပစ်နေတာပဲ။ အိုကြီးအိုမနဲ့ ဘယ်အချိန်မှများ အဘိုးကြီး ကိုယ့်ခြံကို ပြန်ခုန်လေမလဲ မသိဘူး။

*

"အဖေဆုံးပြီ အမေ" လို့ သမီးကပြောတော့ ဒေါ်ခင်နှင်း အရမ်းတုန်လှုပ်သွားတယ်။ ဝဋ်လည်မယ်လို့ ပြောခဲ့တာ ဒေါ်ခင်နှင်းကိုယ်တိုင်ပါ။ ဒါပေမယ့် တကယ်လည်ပြီဆိုတော့ ဒေါ်ခင်နှင်းလည်း စက်ကွင်းမလွတ်ပါဘူး။ သမီးကို ဗဟိုပြုပြီး လည်သွားတဲ့ သူ့အဖေရဲ့ ဝဋ်ကြွေးမှာ ဒေါ်ခင်နှင်းကလည်း မအေပဲ။ ရင်ကွဲမတတ်ပါ။

အစစအရာရာ မိန်းမအကြိုက် အလျှော့ပေးနေထိုင်တဲ့ သမက်ကလေးက ဖောက်မယ့် ဖောက်တော့လည်း သမီးရဲ့အသည်းကိုမှ ဖောက်ပစ်တော့တာ။ သမီးအသည်းနှလုံးက သွေးစိမ်းရှင်ရှင်တွေ တရဟောကျနေရတာ ၊ သမီး ဘယ်လောက်ဟန်ဆောင်ကောင်းကောင်း မအေလုပ်တဲ့ ဒေါ်ခင်နှင်းက မသိဘဲနေမလား။

ဖအေကရော သူ့ဝဋ်ကြွေးတွေ သမီးခံစားခံဖြစ်ပြီလို့ ရင်မကွဲဘဲ နေမလား။ သူ့ရဲ့အနှစ်တုံးမြေးလည်း အိမ်ထောင်ကွဲမိသားစုက မြေစာပင်လေး

ဖြစ်ရပြီလေ။ သူမှ ရင်ကွဲနာမကျရင် ဘယ်သူကျမလဲ။

သမီးက ငိုထားတဲ့မျက်နှာကို မိတ်ကပ်နဲ့ဖုံးပြီး လူတွေရှေ့မှာ ထိမထင်ဟန်လုပ်နိုင်ပေမယ့် မြေးမလေးက ကလေးဆိုတော့ ဖအေကို တ,ပြီး ငိုရှာတယ်။ ဒီမြင်ကွင်းက ဒေါ်ခင်နှင်းလည်း စိတ်ထိခိုက်တာပဲ။ မြေးလေးက သမီးငယ်ငယ်ကလို အသည်းမမာဘဲ စိတ်နုရှာတယ်။ လွမ်းဖျားဖျားပြီး ဆေးရုံတက်ရောက်သွားလို့ မနည်းအဖတ်ဆယ်ထားရတာ ။

မြေးမလေးလည်း ဆေးရုံဆင်းရော ဘိုးအေကြီးလည်း သမီးနဲ့ မြေးစိတ်ကြောင့် လဲတာပဲ။ မြေးမလေး ဆေးရုံတက်နေတုန်းက သမက်ကို သွားတောင်းပန်သေးတယ်တဲ့။ ဟိုက မိုးမမြင် လေမမြင်ဖြစ်နေချိန်ဆိုတော့ ဘယ်နားဝင်မှာလဲ။

ဒေါ်ခင်နှင်းကတော့ ခပ်တင်းတင်းပဲ။ ယောက်ျားတွေကို မယုံတော့တာ ကြာပြီလေ။ “ခြံခုန်တဲ့ကောင်တွေ ငါ့အိမ်ရိပ်ကို မနင်းစေနဲ့ဟေ့” လို့ အပြတ်ပြောထားလိုက်တယ်။ ဟုတ်တယ်လေ။ ခြံခုန်တတ်တဲ့ သူက နောက်ထပ်ခုန်ဦးမှာပဲ။

သမီးကလည်း သူ့အဖေ နေမကောင်းတော့ ဒေါ်ခင်နှင်းသဘောထားသိလို့ အိမ်ပေါ် မခေါ်ရဲရှာဘူး။ အဖေ့အိမ်ပြေးပြီး ပြုစုလိုက်၊ သူ့သမီးလေး ကျောင်းပို့ ကျောင်းကြို လုပ်လိုက်နဲ့ခမျာ ခေတ်သစ်မယ်ပဋ္ဌာ ဖြစ်ရရှာတယ်။ ယောက်ျားရိုင်းအတွက်ကလည်း ကျိတ်ပြီး ပူဆွေးခံပြင်းရသေးတာကိုး။ ဒီတော့ မကြည့်ရက်တဲ့ ဒေါ်ခင်နှင်းက မြေးမလေးကျောင်းအကြိုအပို့၊ အကျွေးအမွေး၊ တာဝန်ယူပေးရတယ်။

ဒေါ်ခင်နှင်းကလည်း ဒီမြေးမလေးကျတော့ အနှစ်ပေကိုး။ အင်မတန် ချစ်ဖို့ကောင်းတဲ့ တွတ်တီးတွတ်တာလေးက အချိန်ပြည့် ငေးငေးငိုင်ငိုင်နဲ့ ဆိုတော့ ခမျာလေး အသည်းနုနုမှာ ဒဏ်ရာတွေနဲ့ ညှိုးနွမ်းရှာပြီလို့ ကြေကွဲမိတယ်။

တစ်ခါကများ သမီးက လူနာအသည်းအသန် ဖြစ်နေလို့ ညအိပ်ညဥ့်နေ ပြုစုနေတုန်း၊ မြေးမလေးကို ဒေါ်ခင်နှင်းနဲ့ပဲ သိပ်နေတုန်းကပေါ့။ မြေးမလေးက အိပ်မက်တွေမက်ယောင်ပြီးတော့ "ဖေကြီး… ဖေကြီး မီးလေးဆီ ပြန်လာပါ ဖေကြီးရယ်" နဲ့ ရှိုက်ကြီးတငင် သူ့အဖေကို တ,ငိုတာ ဒေါ်ခင်နှင်းမှာ သူကလေးကို ဖက်ထားရင် မျက်ရည်တွေ ကျနေရတော့တယ်။

"တကယ်တော့ အမေ့စကားကို နားမထောင်ခဲ့တဲ့ သမီးအပြစ်တွေပါ အမေရယ်။ ယောကျ်ားတစ်ယောက်ကို ဘောင်အခတ်လွန်လို့ စည်းကျိုးရတာ ပါ။ ဘာပဲဖြစ်ဖြစ် ခြံခုန်သွားတဲ့သူကို ခြံထဲပြန်မဝင်စေရပါဘူး။ သမီးက အမေ့သမီး ပီသစေရမှာပေါ့"

သမီးပြောသလိုပဲ မကြာပါဘူး။ မိန်းမရွှင်က စရိုက်မှန် ပေါ်လာတော့ ဟိုကောင်ကလည်း ရမ္မက်ပြေချိန်မို့ နောင်တရပြီလေ။ ထကြွနေတဲ့ သွေးသားဆန္ဒတွေ ပြေလျော့လေမှ ကိုယ့်နှလုံးသားရင်နှစ်ကို သတိရတော့တယ်။

"သမီး… သမီး" နဲ့ ပြေးလာတာပဲ။ မိန်းမရှေ့မှောက်မှာလည်း ဒူးထောက်တောင်းပန်ပြီပေါ့။

သမီးက ဒေါ်ခင်နှင်းသွေးအပြည့်၊ တင်းတယ်။

မြေးကတော့ သမီးငယ်ငယ်ကလို မဟုတ်ရှာဘူး။ သူ့အဖေရင်ခွင်ထဲ အတင်းပြေးဝင်တာပဲ။ ဖအေကို လွတ်ထွက်သွားမှာ စိုးသလို ကျစ်ကျစ်ပါအောင် ဖက်ပြီး တရှုံ့ရှုံ့နမ်းတယ်။ "ဖေကြီးရေ ဖေကြီး မီးလေးဆီ အပြီးပြန်လာတာလား ဟင်။ ဘယ်မှ ထပ်မသွားပါနဲ့နော်။ ဒီတစ်ခါ ဖေကြီးနဲ့ ထပ်ခွဲရရင် မီးလေးသေမှာပဲ" တဲ့။

ယောကျ်ားကိုသေတဲ့အထိ လှည့်မကြည့်ခဲ့တဲ့ သံမဏိအသည်းပိုင်ရှင် ဒေါ်ခင်နှင်းလည်း မျက်ရည်လည်ရတော့တာပဲ။ သမီးကိုကြည့်တော့ သူလည်း မျက်လုံးကြီးရဲလို့ နှာတွေစေးနေပြီ။

မြေးမလေးဟာ သူ့မေမေငယ်ငယ်တုန်းကလို အသည်းနှလုံး မကြွပ်ဆတ်တာ ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ နို့မို့ဆို သမီးဟာ ဒေါ်ခင်နှင်းလို တစ်သက်လုံး နာကြည်းတင်မာတဲ့ နှလုံးသားကို ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်တဲ့အထိ ပွေ့ပိုက်ထားရမှာ။

ဒါပေမယ့် သမီးငယ်ငယ်က အသည်းနှလုံး ကြွပ်ဆတ်ခဲ့တာကိုလည်း ဒေါ်ခင်နှင်းက ကျေးဇူးတင်တာပါပဲ။ အခြေအနေ အကြောင်းတရားက တစ်ယောက်နဲ့ တစ်ယောက် တူမှ မတူတာ။

သမီးတို့က တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးလို့ ထူထောင်ခဲ့ကြတဲ့ အိမ်ထောင်တစ်ခုမို့ ဒေါ်ခင်နှင်းနမူနာကို စံယူထိန်းသိမ်းမယ်ဆိုတဲ့ သမီးစကားကို ဒေါ်ခင်နှင်းရှေ့မှာဆိုတော့ သမီးများ လျှော့ရခက်နေမလားလို့။

ဒါကြောင့် ဒေါ်ခင်နှင်း အိမ်ထဲကို အသာဝင်ပြီး ခရီးဆောင်အိတ်ထဲကို ယောဂီဝတ်စုံတွေထည့်ရင်း သမီးတို့ မိသားစုကို မေတ္တာပို့တယ်။ ပြီးတော့ သတ္တဝါတိုင်းကို မေတ္တာပို့တယ်။ မေတ္တာဓာတ်နဲ့ လွှမ်းခြုံမှသာ လောကကြီးတစ်ခုလုံး နွေးထွေးလုံခြုံတာ မဟုတ်လား။

ဒေါ်ခင်နှင်း အိမ်ရှေ့ထွက်လာတော့ မြေးမလေးတို့သားအဖက ခြံထဲက ဒန်းပေါ်မှာ အလွမ်းသယ်ကြတုန်း။

သမီးက ဧည့်ခန်းဆက်တီပေါ်မှာ တွေတွေကြီး ထိုင်နေတယ်။

"သမီး… အမေ တရားစခန်းဝင်ချည်ဦးမယ်ကွယ်၊ တရားမှတ်နိုင်သလောက် နေမှာမို့ ပြန်ခါနီး မှပဲ ဖုန်းဆက်လိုက်မယ်နော်"

သမီးက အံ့သြဟန်နဲ့ ငေးကြည့်ရှာတယ်။ ဒီလိုပဲ ဒေါ်ခင်နှင်းက တရားစခန်းဝင်နေကျမို့ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဖြုန်းစားကြီး ရှောင်ထွက်သွားတာကိုတော့ ပါးနပ်တဲ့သမီးက ချက်ချင်း သဘောပေါက်သွားပုံ ရတယ်။ တစ်ခုခု ပြောချင်နေတဲ့ နှုတ်ခမ်းပါးလေးက တဆတ်ဆတ် တုန်လို့။

“သမီးတွေဟာ အမေတွေရဲ့ အသည်းနှလုံးပဲ သမီး။ အသည်းနှလုံးရဲ့ တောင်းဆိုချက်ကို ဘယ်သူမှ မငြင်းဆန်နိုင်ဘူးလေ”

ဒေါ်ခင်နှင်းက နားလည်မှုအပြည့်နဲ့ သမီးကို ကြည့်နေချိန်မှာ သမီးကလည်း အမေကို ကျေးဇူးတင်တဲ့ မျက်ဝန်းလေးတွေနဲ့။

**ဝေ (စီးပွားရေးတက္ကသိုလ်)**

**ရတီမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၁၁။**

*

နှုတ်ဆက်လက်ပြပြီ၊ ကျန်ရစ်ခဲ့ရတဲ့ ဒီက လူကျောက်ဆစ်ရုပ်တွေကို လှည့်မကြည့်ကြတဲ့ဟာတွေ၊ ဒီမှာ နောက်ထပ်အသက်မဲ့ လူကျောက်ဆစ်ရုပ်တွေနဲ့ ထားပစ်ခဲ့ကြတဲ့ဟာတွေ၊ လူကျောက်ဆစ်ရုပ်တွေအားလုံး၊ စုနေထိုင်ရတဲ့ လူကျောက်ဆစ်ရုပ် ကမ္ဘာလေး၊ ပုလောင်လိုက်ကြစမ်း။



မင်းဝေဟင်

# နှုတ်ဆက်ကျန်ရစ်လူကျောက်ဆစ်တွေ

## နှုတ်ဆက်ကျန်ရစ် လူကျောက်ဆစ်တွေ

## (၁)

ကျောက်ရုပ်တွေကို ဒေါ်တင်တင်ကြီး မြင်နေရပြန်ပြီ။ အသက်ရှူမည်။ လမ်းလျှောက်မည်။ မျက်တောင် အဖွင့်အပိတ် လုပ်မည်။ တန်းနေသော နှုတ်ခမ်းနှစ်လွှာကြားမှ အနိမ့်အမြင့် အတက်ကျကင်းမဲ့သော အသံများကြောင့် မျက်လွှာချ။ လက်နှစ်ဖက်အား နောက်ပစ်ပြီး စကားပြောမည်။

"ဘာလိုနေတတ်သလဲ" ဆိုသည်ကို သိဖို့ကြိုးစားဖို့ထက် "ဘာလုပ်ပေးရဦးမလဲ မေမေကြီး" ဟူသည့်စကားအား ဝတ်ကျေ၊ ဝတ်ကုန် ပြောမည်။ ဒေါ်တင်တင်ကြီး၏ နောက်ကွယ်ရာသို့ ရောက်လျှင် "ဒီအဘွားကြီးကိုတော့ စိတ်ကုန်ပါတယ်ဟယ်။ သားသမီးတွေက သဘောထားကောင်းကြသလောက် ဒီအဘွားကြီးကျမှ ဘာဖြစ်လို့ ဒီလောက်ထိ စိတ်ဓာတ်က ဆိုးရွာနေရတာ လဲ။ လစာရလို့သာ လုပ်နေရတာ " အစရှိသော စကားများအား ဒေါ်တင်တင်ကြီး မကြားအောင် ပြောမည်။ "ကဂျီဂချောင် တော်တော်များတဲ့ အဘွားကြီး" ဟူသည့်စကားကိုလည်း အဆစ်အဖြစ် ထည့်ပြီးပြောမည်။

စိတ်ညစ်သည်။ ဒေါ်တင်တင်ကြီး လွန်စွာမှ စိတ်ညစ်လေသည်။ မနေချင်ပါ။ သည်လို လူကျောက်ရုပ်တွေနှင့် ဒေါ်တင်တင်ကြီး ဘယ်လိုနည်းနှင့်မှ မနေချင်ပါ။ သူတို့နှင့်သာ သက်ဆုံးတိုင် နေလျှင် အသက်တိုရုံပင်မက အကုသိုလ်တွေ နေ့တိုင်း အထပ်ထပ် တစ်ရစ်ပြီးတစ်ရစ် နေ့စဉ်နှင့်အမျှ တက်နေသည်မို့ ဒေါ်တင်တင်ကြီး သူတို့တစ်တွေနှင့်နေ၍ သေခဲ့လျှင်တောင် ကောင်းရာဘဝသို့ ရောက်နိုင်လိမ့်မည် မထင်ပါ။ အောက်ယွန်းယွန်းသို့သာ ဆိုက်ဆိုက်ဆင်းရပေတော့မည်။

ဤကဲ့သို့သော လူကျောက်ရုပ် ငါးရုပ်တိတိအား ဒေါ်တင်တင်ကြီး

ပိုင်ဆိုင်ထားလေသည်။ ဒေါ်တင်တင်ကြီး ဘုရားသွားလျှင်၊ ဟိုနားသည်နား သွားချင်လျှင် ကားမောင်းပြီး လိုက်ပို့မည့် လူကျောက်ဆစ်က တစ်ရုပ်၊ အိမ်၏ မီးဖိုချောင်အတွက် ချက်ပြုတ်၊ ဝယ်ခြမ်း၊ လျှော်ဖွပ်၊ မီးပူတိုက်ရန်အတွက် လူကျောက်ဆစ်မတစ်ရုပ်။ ထိုထိုလူကျောက်ဆစ်နှစ်ရုပ်မှာ လင်မယား တော်စပ်ကြလေသည်။

နောက်ထပ် လူကျောက်ဆစ်မနှစ်ရုပ်မှ တစ်ရုပ်မှာ ဆေးရုံ၊ ဆေးခန်း အခေါ်အရဆိုလျှင် အပြာရောင်ဝတ်အဆင့်ရှိ သူနာပြုဆရာမ လူကျောက်ဆစ်ရုပ် တစ်ရုပ်ဖြစ်ပြီး နောက်ထပ်လူကျောက်ဆစ်မ တစ်ရုပ်မှာ ဤအိမ်ကြီး၏ ဒေါ်တင်တင်ကြီးနေသည့် အခန်းနှင့် ကပ်လျက် အခန်းကျဉ်းကလေးတွင် နေထိုင်သူဖြစ်ပြီး စားသောက်ရန်၊ အပေါ့အပါးသွားရန်၊ တိုလီမုတ်စ၊ ဝေယျာဝစ္စများအား လုပ်ရန် ဒေါ်တင်တင်ကြီး အလိုရှိသည့်အခါ၌ ဘဲလ်နှိပ်ပြီးခေါ်လျှင် လာရောက်လုပ်ဆောင်ပေးရတတ်သည့် တောက်တိုမည်ရ လူကျောက်ဆစ်မ တစ်ရုပ်ဖြစ်သည်။

နောက်ဆုံး လူကျောက်ဆစ်ရုပ် တစ်ရုပ်မှာတော့ ကြီးမားကျယ်ဝန်းလှသည့် ဒေါ်တင်တင်ကြီး၏ ခြံထဲတွင်ရှိသော ကိစ္စရပ်များအား လုပ်ဆောင်ရန်နှင့် အိမ်၏ အထွေထွေ ကိစ္စ ကြီးကြီး၊ ငယ်ငယ်အား တာဝန်ယူရသည့် လူကျောက်ဆစ်ကြီး တစ်ရုပ်သာ ဖြစ်သည်။

ကဲ… ဘယ်မှာလဲ လူသားစစ်စစ်တွေ။ တစ်မိုးအောက်တည်းမှာ နေထိုင်နေရပါလျက်နှင့် မေးလျှင်ထူး၊ ခေါ်လျှင် ပြော၊ ခိုင်းလျှင် လုပ်တတ်ကြသည့် လူကျောက်ဆစ်ငါးရုပ်နှင့် ဒေါ်တင်တင်ကြီး နေလာခဲ့ရသည်မှာ ကြာခဲ့ပြီ။ ကြာခဲ့ပါချေပြီ။

မလိုချင်ပါ။ အသက်အရွယ်နှင့်အမျှ ရင့်ကျက်တည်ငြိမ်မှု မရှိသူ၊ စေတနာ သဒ္ဒါတရား ကင်းစင်၊ မေတ္တာတရား ခေါင်းပါးပြီး ဘုရားတရားမှန်း မသိသူအဖြစ် ဒေါ်တင်တင်ကြီးအား ကင်ပွန်းတပ်လာပြန်လျှင်လည်း

ဒေါ်တင်တင်ကြီး မတတ်နိုင်ပါ။ ကြိုးစားမဖြေရှင်းချင်ပါ။ လခပေးလျှင် ဂမ်းသာကြ၍ အချိန်တန်လျှင် သူတို့ သူတို့ရရှိကြလေသော လစာငွေစက္ကူများအတွက် သူတို့၏ မျက်လုံးများ၊ လက်များ၊ ပါးစပ်များအား တစ်နေ့တစ်နေ့ သံပတ်တွေ ပေးထားကြသော လူကျောက်ဆစ်များအား ဒေါ်တင်တင်ကြီး တစ်ယောက်မှကို အလိုမရှိပါ။ သို့သော် လူကျောက်ဆစ်များနှင့် ဒေါ်တင်တင်ကြီး နေနေရလေသည်။ ဂမ်းကြာတိုက်နှင့်လွယ်၍ မွေးဖွားသန့်စင်ခဲ့ရသော၊ အရွယ်မရောက် အချိန်မတန်မချင်း ပိုးမွေးသကဲ့သို့ ပြုစုပျိုးထောင်ခဲ့ရလေသော ရင်နှစ်သည်းချာသုံးယောက်တိတိအား အဝေးကြီးမှာ ခွဲခွာလျက် လူကျောက်ဆစ်ငါးရပ်နှင့် ဒေါ်တင်တင်ကြီး နေနေရလေသည်။

*

## (၂)

“ဟဲ့… နင်နဲ့ သူနာပြုဆရာမလေးနဲ့ ပြောနေတဲ့ ဟိုဘက်ခြံက ကလေးမလေးအကြောင်းကို ငါ့ကို ပြောပြစမ်း။ ငါသိချင်လို့”

ဒေါ်တင်တင်ကြီးအား ခေါင်းဖြီး၊ ဘီးဆံပတ် ပြန်ပတ်ပေးလေသော လူကျောက်ဆစ် ကောင်မလေးအား ဒေါ်တင်တင်ကြီးမှ စကားစလိုက်သော်ငြား၊ လူကျောက်ဆစ်မလေးဆီမှ “အင်း… အဲ” နှင့် စကားစက တော်တော်နှင့် အန်ထွက်ကျမလာသေး။ သည့်အတွက် ဒေါ်တင်တင်ကြီးက နောက်လှည့်ကာ မျက်စိတစ်ချက် ဝေ့ခနဲ ကြည့်လိုက်လေမှ…

“ဟုတ်ကဲ့ မမကြီး၊ အဲဒီ ကလေးမလေးက အသက် (၆)နှစ်ပဲ ရှိသေးတာလေ။ သူကလေးရဲ့ မိဘတွေက အထူးကုဆရာဝန်တွေဆိုတော့ ပြင်သစ်မှာဆိုလား၊ ဘာလား ဆေးပညာ ဆက်တက်နေကြတယ် ဆိုလား၊ ဘာလား…

“ဟဲ့ မိသီ ညည်းပြောတာကလည်း တိကျလှချည်လား။ ဆိုလား

ဘာလားတွေပဲ များနေတယ်”

“ဟုတ် မေမေကြီး သမီးလည်း သိပ်မလို့ပါ”

“ကဲ မသိလည်း လိုရင်းပြောတော့။ ဟိုတစ်နေ့က သူနာပြုဆရာမလေးကို ပြောနေတုန်းကများ ရေပက်လို့ မဝင်ဘူး၊ အခုတော့လည်း အထစ်ထစ်အငေ့ါငေ့ါ။ ကဲ… ပြောပြော”

“ဒီလို မေမေကြီးရဲ့ အဲဒီ ကောင်မလေးနာမည်က စနိုးလေးတဲ့။ နာမည်ကျသာ စနိုးလေး၊ အကျင့်ကလည်း မကောင်းဘူးတဲ့။ သူလိုချင်တာ၊ သူစားချင်တာ၊ သူသွားချင်တာ ချက်ချင်းရရင်ရ၊ မရရင် အိမ်ဖော်တွေကို တွေ့ရာနဲ့ ကောက်ပေါက်ပစ်တာတဲ့။ အဲဒါကြောင့် သူတို့အိမ်မှာ အိမ်ဖော်ဆိုတာ မမြဲတာတဲ့”

သည်စကားတွေသည်လောက် ရှုန်းရှုန်းဝေနေပုံထောက်လျှင် ဒီဘက်အိမ်က လူကျောက်ဆစ်မလေးနှင့် ဟိုဘက်အိမ်က လူကျောက်ဆစ်မတို့ မည်မျှလောက်ပင် အတင်းများအုပ်ထားကြလေပြီ မသိ။ ဟိုဘက်ခြံ၊ သည်ဘက်ခြံက တံခါးလေးတစ်ချပ်သာ ခြားသည်ဆိုတော့ ဆက်သွယ်မှုကွန်ယက်က အင်တာနက်ထက်တောင် မြန်နေသည်လေ။

“စနိုးလေးရဲ့ မိဘတွေက နိုင်ငံခြားမှာဆိုတော့ ဒီမှ အထိန်းတော်တွေ၊ အိမ်ဖော်တွေ၊ ဒရိုင်ဘာတွေ အပြည့်အစုံနဲ့ စနိုးလေးက နေနေရတာ တဲ့။ ဆိုးတာကလည်း ပြောမနေနဲ့တော့ သူ့စိတ်မထင်ရင် စားနေတဲ့ ထမင်းပန်းကန်ထဲက ထမင်းတွေနဲ့တောင် ထမင်းခွံ့ကျွေးတဲ့သူကို ကောက်ပစ်တာတဲ့။ အော်ကျောလန်လေး မေမေကြီးရေ”

“ဟဲ့… အဲဒီ ကလေးလေးဆိုတာတွေကို အသာထား။ သူ့ရဲ့ အခြားအကြောင်းတွေပဲ ပြော… သူ့မိဘတွေအကြောင်း ဆိုတာကို ဆက်ပြော”
“ပြောပြီးပြီလေ မေမေကြီးရဲ့ သူ့မိဘတွေက နိုင်ငံခြားမှာလို့ သူ့အကြောင်းက ဆိုးတာကလွဲရင် ဆက်ပြောစရာ ဘာမှမရှိဘူး။ သူဆိုသာလျှင် သူချစ်လို့မွေးထားတဲ့

ခွေးလေး ဘော်ဘီကိုတောင် ဘောလုံးကန်သလို ခြေထောက်နဲ့ လှိမ့်ကန်ပစ်တာတဲ့။ စာလာသင်တဲ့ ဆရာမ လာရင်တောင် တစ်ခါတလေ မသင်ဘဲ အခန်းတံခါး လော့ခ်ချနေတာတဲ့။ သူ့ရဲ့မိဘတွေကြောင့်သာ သူ့နားမှာ လူတွေက လုပ်ပေးနေကြတာလေ။ လူတွေကိုများ ကျွန်များ မှတ်နေသလား မသိဘူး”

လူကျောက်ဆစ်ရုပ်မလေးက စကားလမ်းကြောင်းကို မသိမသာလှည့်ရင်း ဒေါ်တင်တင်ကြီးကို လှမ်းကြည့်သောအခါ ကောင်မလေး၏ အကြည့်အား ဒေါ်တင်တင်ကြီး မသိဘဲ မနေပါ။ တစ်စုံတစ်ခု ပေးဆပ်နိုင်မှ နောက်ထပ် တစ်စုံတစ်ခု ရနိုင်သော အခြေအနေတစ်ရပ်ကို ဒေါ်တင်တင်ကြီး သိနေနိုင်သော်ငြား သူတို့ဘက်က ပေးဆပ်မှုအတွက် သင့်တင့်မျှတသော စေတနာလေး တစ်စွန်းတစ်စ မတွေ့မနေနိုင်သေးသရွေ့တော့ ဒေါ်တင်တင်ကြီး ယခုကဲ့သို့ စိတ်တိုနေမိဦးမည်သာ ဖြစ်လေသည်။

“ဘာ လူတွေကိုများ ကျွန်များ မှတ်နေသလား မသိဘူး မဟုတ်လား။ ညည်းတို့လို နေမှာပေ့ါဟဲ့။ ဟိုဘက်အိမ်က ကလေးနားမှာ ရှိနေတဲ့ဟာတွေကလည်း ညည်းတို့တွေလို နေမှာပေ့ါ။ သွားတော့ သွားတော့ ငါ့ရှေ့မှာ မနေနဲ့ ငါလုပ်မိရင် အကုသိုလ် ငါပဲ ရဦးမယ်။ ဘယ်လိုဟာတွေမှန်းကို မသိဘူး။ ငါ့ရှေ့က မြန်မြန်ထွက်သွား… သွား”

*

## (၃)

“စနိုးလေးရဲ့ မိဘတွေက နိုင်ငံခြားမှာ” ဆိုသော စကားက ဒေါ်တင်တင်ကြီးနားထဲ၌ ပဲ့တင်ထပ်နေသည်။ နိုင်ငံခြားတဲ့။ လွယ်လိုက်တဲ့စကားလုံး။ ရှင်းလိုက်တဲ့ စကားလုံး။ နိုင်ငံခြားဆိုတာ နိုင်ငံချင်း ခြားနေလို့ပေ့ါ။ ခြားနေတဲ့နိုင်ငံပါဆိုမှ နီးနီးလေးမှာ မရှိလို့ဘဲပေ့ါ။

အတွေးများနှင့် ဒေါ်တင်တင်ကြီး ဟိုသည်လူးလှိမ့်ရင်း

ရေငတ်လာသော်ငြား ရေယူပေးရန်အတွက် ဟိုမှာဘက်အခန်းမှ လူကျောက်ဆစ်မလေးအား လှမ်း၍ မခေါ်မိ။ ရေလာပေးလျှင်လည်း ယခုအချိန်၌ ဒေါ်တင်တင်ကြီးယူ၍ သောက်မိမှာထက် ရေခွက်နှင့် တစ်ခုခုကိုသာ ပစ်ပေါက်မိမှာ ပို၍ သေချာနေလေသည်။

"မေမေ မေမေ ဘာတွေ လိုသေးလဲ။ ဆေးကတော့ အပြာရောင်ဝတ်နာ့စ်လည်း ရှိသလို ဆရာဝန်ကလည်း တစ်ပတ်တစ်ခါလာပြီး စစ်နေတာဆိုတော့ မေမေ့မှာ မလိုလောက်ပါဘူး။ မေမေက နေကောင်းအောင် နေနော်။ သမီး ဒီကနေပဲ ဆုတောင်းနေမယ်"

မိသားစုနှင့် အမေရိကရောက်နေသော သမီးငယ်က ဤသို့ဆိုလျှင် ဩစတြေးလျမှာ မိသားစုနှင့်ရှိသော သားကြီးကလည်း...

"မေမေရေ မေမေက အသက်ကြီးပြီနော်၊ ကျန်းမာရေးကို ဂရုစိုက်။ ရွှေတိဂုံကို တစ်ပတ်တစ်ခေါက် သွားဖို့ကိုလည်း မပျက်ကွက်နေနဲ့ဦး။ ဘုရားတရားလည်း ပုံမှန်လုပ်ပါနော် မေမေရယ်။ အိမ်က အဖော်တွေအားလုံးနဲ့လည်း တည့်အောင်တော့ ပေါင်းပေ့ါမေမေရယ်။ သူတို့တွေလည်း မေမေ့ကို ဂရုစိုက်နေကြတာပဲ။ မေမေက အပြောဆိုးတော့ သူတို့က မေမေနားမှာ ကြာကြာမနေချင်ကြဘူးလေ။ သားတို့က အဝေးမှာဆိုတော့ မေမေ့နားကို လူခေးပေးရမယ့်ကိစ္စက ခေါင်းကြီးတယ်။ ရှိတဲ့သူတွေကို စတီကလေးလျှော့ပြီး တည့်အောင်ပေါင်းပါ မေမေရယ်"

အစရှိသဖြင့် တရားဓမ္မနှင့် ယှဉ်သော လူမှုရေးရာ ကျင့်ဝတ်များနှင့် ဆက်နွယ်လေသော စကားလုံးများအား သွယ်ဝိုက်၍ ဂက်ဝုတ္တိအလင်္ကာဖြင့် မှာတမ်းချွေတတ်လေ၏ ။ အဲသည့်အချိန်၌ နိုင်ငံခြားမှာ နေတာချင်းတူပါလျက် တစ်နှစ်တစ်ခေါက် အမေအနားသို့ ပြန်မရောက်နိုင်ကြသူချင်း တူပါလျက်။

"သမီးက မေမေနဲ့ အနီးဆုံး စင်္ကာပူမှာ နေတာနော်။ မေမေ ဘာမှ

အားမငယ် စိတ်မပူနဲ့။ မေမေက သမီးကို တွေ့ချင်တယ်ဆိုတာနဲ့ သမီးက လေယာဉ်ပျံကို (၃) နာရီလောက် ဖူးခနဲ စီးလာလိုက်တာနဲ့ မေမေ့ဆီကို ရောက်ပြီ။ ပိုက်ဆံလည်း မေမေကြိုက်သလောက် သုံးနော်။ မေမေလိုရင် ဖုန်းလေးသာ နှိပ်လိုက်၊ ဟုတ်ပြီလား မေမေ”

ဟု ရွှန်းရွှန်းဝေအောင် ပြောတတ်လေသော စကားပူက သမီးလတ်။ သူသည်လည်း သူ့ယောက်ျားတာဝန်ကျရာ လိုက်ပါနေထိုင်ရသည့်သူ။

အီးမေးလ်၊ အင်တာနက်၊ VZO အစရှိသဖြင့် တစ်နေ့တခြား တိုးတက်လာနေပါသော ခေတ်ကြီးမှာ ရပ်တည်နေရပါသော်ငြား၊ ကလစ်တစ်ချက်နှိပ်လိုက်ရုံဖြင့် သားသမီးတို့၏ မြေးတို့၏ ပုံရိပ်တို့အား အနီးကပ် မြင်နိုင်လေသော ခေတ်ကြီးမှာ ဒေါ်တင်တင်ကြီးတစ်ယောက် ရပ်တည်နေပါသော်ငြား ခြားနေသော အရာများသည် ခြားနေလျက်သာပင်။ ဝေးနေပါသော အရာတို့သည်လည်း ဝေးနေလျက်ပင် ရှိသကဲ့သို့ နွေးနေရမည့် အရာများသည်လည်း အေးနေလျက်သာပင်။

နီးနေသော သူများသည် ဒေါ်တင်တင်ကြီးအတွက် လူကျောက်ဆစ် ငါးယောက်သာ ဖြစ်လေသည်။ ထိုထိုလူကျောက်ဆစ်များနှင့် အခန့်သင့် အဆင်ပြေမှု တိမ်းချော်လွဲမှားတတ်သည့် နေ့များတွင်ဖြစ်စေ၊ လူကျောက်ဆစ်များအကြောင်း ရင်နှစ်သည်းချာ သုံးယောက်အား ပြောပြမိသည့်နေ့ဖြစ်စေ ဒေါ်တင်တင်ကြီး ပြန်လည်ကြားရသော အသံမှာ…

“မေမေရယ် သူတို့တွေနဲ့ တည့်အောင်နေပါ။ မေမေလည်း အသက်ကြီးပြီ မေမေ လိုအပ်တာကို သမီးတို့အားလုံး လုပ်ပေးမယ်။ မေမေ စိတ်လျှော့ပြီး တရားဓမ္မနဲ့သာ အေးအေးချမ်းချမ်း နေပါမေမေရယ်”

သမီးများ၏ ထိုစကားများအောက်တွင် အချိန်အတိုင်းအတာ တစ်ခု အမြဲတစေ ပါမလာတတ်သည်ကို ဒေါ်တင်တင်ကြီး သတိထားမိလေသည်။

သို့သော်...

“မေမေက သူတို့တွေနဲ့ နေချင်တာ မဟုတ်ဘူး။ မေမေ့ရဲ့ နေဝင်ချိန်မှာ သမီးတို့ မေမေ့အနားမှာ ရှိမနေသင့်ဘူးလား”

ဟူသည့်စကားကိုမူ ဒေါ်တင်တင်ကြီးနှုတ်မှ ပြောမထွက်ဖြစ်ခဲ့ပါ။ အမှန်ဆိုပါလျှင်မူ လွတ်လပ်နေပြီဖြစ်ပါသော တည်ငြိမ်အေးချမ်းမှုအတွက် အလင်းရောင်များ မြင်နေပြီဖြစ်ပါသော၊ တိုးတက်မှုအတွက် လမ်းစများ ဟိုမှသည်မှ ကြားနေရပြီဖြစ်ပါသော မြန်မာပြည်ကို သင်းတို့တစ်တွေ ဘာကြောင့်များ ပြန်မလာကြတာပါလိမ့်။ သင်းတို့တစ်တွေ မွေးဖွားခဲ့ကြသော မြန်မာပြည်ကြီးကို သင်းတို့တစ်တွေ ဘာကြောင့်များ မနေနိုင်ကြပါလိမ့်။ တိုးတက်ချင်၊ ကြီးပွားချင်ကြသော စိတ်များက ဒင်းတို့တွေဆီမှာမှ ပဒေသာပင်သီးသလို ဘာကြောင့်စုပြုံ ကျပ်ခဲဖြစ်တည်နေကြရပါလိမ့်။ တစ်စုံတစ်ခုအတွက် ရှင်းပြရန် ခက်ခဲလေမည့် ပုစ္ဆာတစ်ပုဒ်အား သားသမီးသုံးယောက်အား ဘယ်သောအခါမှ ထွက်ထုတ်မခိုင်းချင်ခဲ့ပါ။ သည့်အတွက်.. သားသမီးများနှင့် လူကျောက်ဆစ်ငါးရုပ်ဆီမှ ဒေါ်တင်တင်ကြီး ပြန်ကြားရသော အရာမှာ “ဘုရားတရား မသိ၊ အသက်ကြီးပြီး အားလုံးနဲ့ တည့်အောင် မပေါင်းနိုင်တဲ့သူ” ဟူသည့် စကားပင် ဖြစ်သည်။

ယခုမူ ဒေါ်တင်တင်ကြီး ကြားသိရသော တစ်ဖက်ခြံမှ စနိုးလေးဆိုသော လူမမယ်ကလေးမလေး အကြောင်းမှာ ဒေါ်တင်တင်ကြီးအတွက် စိတ်ဝင်စားစရာ ကောင်းနေလေသည်။ “စနိုးလေးရဲ့ မိဘတွေက နိုင်ငံခြားမှာ” ဆိုသည့်စကားက ဒေါ်တင်တင်ကြီးအတွက်တော့ ပို၍ စိတ်ဝင်စားစရာ ကောင်းသောအရာများပင် ဖြစ်နေလေသည်။

*

**(၄)**

"ဟိုဘက်ခြံက စနိုးလေး ပျောက်နေလို့တဲ့" ဟူသည့် အသံတွေနှင့် အောက်ထပ်မှ လူကျောက်ဆစ်များ ဆူညံနေကြသောအချိန်ကျမှ ဒေါ်တင်တင်ကြီး အခန်းထဲက ထွက်ခဲ့လေသည်။ မနက် (၉)နာရီပင် ရှိနေချေပြီ။ စနိုးလေးပျောက်နေသည်ဆိုတော့ ဟိုဘက်ညခံမှ လူကျောက်ဆစ်တွေ အလုပ်ရှုပ်ရုံတင်မက ကင်းမြီးကောက် ဖင်ခွထိုင်သလို ဖြစ်နေကြလိမ့်မည်။ ကိုယ်လုပ်နေရတဲ့အလုပ်တွေကို ကျောက်ရုပ်တွေလို လုပ်နေကြတဲ့ဟာတွေ သည်လောက်တော့ ဖြစ်နေသင့်သည်ဟု ဒေါ်တင်တင်ကြီး တွေးသည်။

"ဘွား စနိုးလေယာဉ်ကြီးကို မုန်းလိုက်တာနော်၊ ဖေဖေနဲ့ မေမေဟာ အဲဒီ လေယာဉ်ကြီးပေါ် တစ်ခါတစ်ခါပါသွားရင် လေယာဉ်ကြီးက တော်တော်နဲ့ ပြန်မခေါ်လာတော့ဘူး"

မနေ့ညနေက ဒေါ်တင်တင်ကြီး တစ်ယောက်တည်း ခြံထဲမှာ ထိုင်နေတဲ့အခိုက် စနိုးလေးက သည်ဘက်ခြံသို့ ကူးလာလေပြီး ဒေါ်တင်တင်ကြီးကို ပြောလိုက်ခြင်း ဖြစ်သည်။

"လေယာဉ်ပျံတွေ… လေယာဉ်ပျံတွေ"

ဒေါ်တင်တင်ကြီးနှုတ်မှ သံယောင်လိုက်မိနေသေးပေမယ့် အဲသည့်အချိန်မှာ စနိုးလေးကို ဒေါ်တင်တင်ကြီး ခွန်းတုံ့မပြန်မိ။ ဒေါ်တင်တင်ကြီးကိုယ်တိုင်ကရော။ လေယာဉ်တွေက လူတွေကို တင်ခေါ်သွားတာလား။ လူတွေက လေယာဉ်ပေါ်မှာ လိုက်ပါသွားတာလား။ မေးခွန်းများ၏ အဆုံးတွင် ဝေးကွာခြင်းတစ်ခုသာလျှင် ပီပီပြင်ပြင် ရှိနေခဲ့လေသည်။ စနိုးလေး၏ ဖေဖေမေမေများအား သယ်ဆောင်သွားသော လေယာဉ်ကြီး။ ဒေါ်တင်တင်ကြီး၏ သားသမီးများအား သယ်ဆောင်သွားသော လေယာဉ်ကြီး။ လေယာဉ်များ၏ ဦးတည်ရာများက တူညီနိုင်မည် မသေချာသော်ငြား လေယာဉ်ပေါ်၌ ပါသွားကြသူများ၏ ဦးတည်ရာ ရည်ရွယ်ချက်များကတော့ဖြင့် အတူတူပင်ဟု ဒေါ်တင်တင်ကြီး တွေးသည်။

“စနိုးရေ ထမင်းစားချိန် ရောက်နေပြီ။ လာခဲ့တော့”

အဲသည်အချိန်မှာ အမိန့်သံမဟုတ်သော်ငြား အနိမ့်အမြင့် အတက်အကျကင်းသော တစ်ဖြောင့်တည်း စီးဆင်းလာသော လေသံက စနိုး၏ ကိုယ်ထိန်းတော်ဆီမှ ထွက်လာခဲ့လေသည်။

“စနိုးက ဒီနေ့ည ထမင်းမစားဘူး၊ ချီးစားမှာ။ စနိုးကို ထမင်းကျွေးရင် ထမင်းပန်းကန်ကို မှောက်ပစ်မှာနော်။ ကြိုပြောထားတာ”

စနိုးပြောလိုက်သော စကားကြောင့် စနိုး၏ ကိုယ်ထိန်းတော်က မဲ့ရွဲ့ချဉ်တူးသော အမူအရာမျက်နှာပေးနှင့် တည်သွားလိုက်သည့်ရုပ်မှာ လခသာမရခဲ့လျှင် အဲသည့်အချိန်၌ စနိုးလေးကို အသေများ သတ်ပစ်လေမည်လား မသိ။

“ဘယ်လိုဟာတွေလဲ၊ ဘယ်လိုဟာတွေလဲ။ လူကျောက်ရုပ်တွေ ငါ့ခြံထဲက ထွက်သွားကြစမ်း”

ဒေါ်တင်တင်ကြီး စိတ်ထဲမှာ သိနေသည်။ စနိုးလေး၏ လိုအပ်မှု၊ စနိုးလေး၏ လစ်ဟာမှု၊ ပြီးတော့ အခုတော့ ဒင်းတို့ဘာတတ်နိုင်ပြီလဲ။ စနိုးလေး သင်းတို့မျက်စေ့အောက်ကနေ တစ်ညလုံး ပျောက်သွားပြီလေ။ သင်းတို့ ရှာကြစမ်း၊ ရှာလိုက်ကြစမ်း။ ငွေတစ်ခုတည်းအတွက် ကျောက်ရုပ်တွေလို လှုပ်ရှားနေကြတဲ့ဟာတွေ ရှာလိုက်ကြစမ်း။ ရင်ဘတ်ဗလာနဲ့ သက်မဲ့ရုပ်ထုတွေ ရှာလိုက်ကြစမ်း။ ပြီးရင် ပြင်သစ်ဆိုတဲ့နေရာက စနိုးလေးရဲ့ မိဘတွေဆီအထိ သတင်းပို့လိုက်ကြစမ်း။ ဟိုကဟာတွေလည်း စိတ်ပူလိုက်ကြစမ်း။ ဟားဟားဟား။ သမီးရဲ့ နောင်ရေးအတွက်ဆိုတဲ့ စကားလုံးလှလှလေးတွေနဲ့ ပစ်ပေါက်သွားကြတဲ့ ပြင်သစ်က ဟာတွေလည်း အချိန်အတိုင်းအတာတစ်ခုအထိ စိတ်ပူလိုက်ကြစမ်း။ နှုတ်ဆက်လက်ပြပြီး ကျန်ရစ်ခဲ့ရတဲ့ ဒီက လူကျောက်ဆစ်ရုပ်တွေကို လှည့်မကြည့်ကြတဲ့ဟာတွေ။ ဒီမှာ နောက်ထပ် အသက်မဲ့လူကျောက်ဆစ်တွေနဲ့

ထားပစခဲ့ကြတဲ့ဟာတွေ။ လူကျောက်ဆစ်ရုပ်တွေ အားလုံးစုနေထိုင်ရတဲ့ လူကျောက်ရုပ်ဆစ်ကမ္ဘာလေး ပူလောင်လိုက်ကြစမ်း။

"စနိုးလေးက ဘယ်လိုထွက်လို့ ထွက်သွားမှန်း အခုအချိန်ထိ မသိသေးဘူးတဲ့ မေမေကြီး။ ညကတည်းက ထွက်သွားတာ ဖြစ်မှာတဲ့။ ဟိုဘက်ခြံက လူတွေကတော့ ရဲစခန်းကို တိုင်နေကြပြီ။ စနိုးလေးက ဆိုးကိုဆိုးလွန်းပါတယ်။ သမီးတို့ စောင့်ရှောက်ရတဲ့ မေမေကြီးကမှ စနိုးလေးထက် အများကြီး တော်နေသေးတယ် ဟီး"

"ကောင်မ.. နင့်ပါးစပ် ပိတ်ထားစမ်း၊ ငါ ပါးပိတ်တီးလိုက်ရ"

လူကျောက်ဆစ်မလေး တစ်ယောက်အား ပါးစပ်က ပြောသကဲ့သို့ လက်ကပါ အလိုလို မြှောက်မိလျက်သား ဖြစ်သွားသော ဒေါ်တင်တင်ကြီးလည်း စိတ်ကိုလျှော့ကာ အခန်းထဲသို့ ပြန်ဝင်ခဲ့လေသည်။ အခန်းတံခါးအား ဂျိမ်းခနဲစောင့်ပိတ် တံခါးလော့ခ်ချအပြီး ကုတင်အောက်ဘက်သို့ မျက်စိငေ့ကြည့်မိတော့…။

"ဘွား လေယာဉ်ပျံသံတွေ စနိုးကြောက်တယ်။ စနိုး ဘွားနဲ့ပဲ နေတော့မယ်။ စနိုးနားထဲမှာ လေယာဉ်ပျံသံတွေ အကျယ်ကြီး ကြားနေရတယ်။ စနိုးကို ဟိုဘက်အိမ်ကို ပြန်မပို့ပါနဲ့နော် ဘွား"

"ဘွားလည်း စနိုးလေးလိုပဲ လေယာဉ်ပျံသံတွေကို ကြောက်ပါတယ် စနိုးလေးရယ်။ လေယာဉ်ပျံသံတွေ ကြားနေရသေးသရွေ့ စနိုးလေးနဲ့ ဘွားနဲ့ ဒီအခန်းထဲမှာပဲ နေကြမယ်နော်။ စနိုးလေး ဘာမှ မကြောက်နဲ့ ဘွားကိုသာ တင်းတင်းဖက်ထား ကြားလား"

**မင်းဝေဟင်**

**ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၁၂။**

*